“မုချဧကန်၊ အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော်ထံသို့ဝဟီအမိန့်တော်ချမှတ်တော်မူခဲ့သည်။ (အမိန့်တော်မှာ) သင်တို့သည် နှိမ့်ချယို့ကျိုးကြလော့။ ထိုသို့အားဖြင့်တစ်ဦးကိုတစ်ဦး မောက်မာခြင်း၊ ထောင်လွှားခြင်း

မရှိစေရ။ ထို့ပြင် တစ်ဦးကိုတစ်ဦး

မတရားကျူးလွန်ခြင်းလည်း မရှိစေရ။

အိယာဿ်ွ ဗင်န် ဟိမာရ်ဗနီမုဂျာရှီအီ (ရဿွိယလ္လာဟုအန်ဟု) မှ ဆင့်ပြန်ခဲ့သည်။ ၎င်းက
ပြောပြခဲ့သည် တစ်ရက်တွင် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကျွန်ုပ်တို့အလယ်၌ ထရပ်လျက်
မိန့်ခွန်းပြောကြားတော်မူခဲ့သည်။ ကိုယ်တော်ကမိန့်ကြားတော်မူသည်။ - ထို့နောက်ဤဟဒီးဆ်ကို ဆင့်ပြန်ခဲ့ရာတွင် ဤသို့ပါရှိသည်- “မုချဧကန်၊ အလ္လာဟ်အရှင်မြတ်သည်
ငါကိုယ်တော်ထံသို့ ဝဟီအမိန့်တော်ချမှတ်တော်မူခဲ့သည်။ (အမိန့်တော်မှာ)
သင်တို့သည် နှိမ့်ချယို့ကျိုးကြလော့။ ထိုသို့အားဖြင့် တစ်ဦးကိုတစ်ဦး
မောက်မာခြင်း၊ ထောင်လွှားခြင်း မရှိစေရ။ ထို့ပြင် တစ်ဦးကိုတစ်ဦး
မတရားကျူးလွန်ခြင်းလည်း မရှိစေရ။" [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် မိမိ၏တပည့်သာဝကတို့ အလယ်၌ ထရပ်လျက်မိန့်ခွန်းပြောကြားတော်မူခဲ့သည်။ ကိုယ်တော်မိန့်ကြားခဲ့သည် မိန့်ခွန်းအနက်မှတစ်စိတ်တစ်ပိုင်းမှာ- ဧကန်မုချ၊ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော့်ထံသို့ဝဟီအမိန့်တော်ချမှတ်တော်မူခဲ့သည်။ ၎င်းအမိန့်တော်မှာ လူသားတို့သည် အချင်းချင်းကြားတစ်ဦးနှင့်တစ်ဦး နှိမ့်ချရမည်ဖြစ်သည်။ ယင်းမှာ လူတို့အား မိမိကိုယ်မိမိချိုးနှိမ်၍နူးညံ့ပျော့ပြောင်းစွာ ဆက်ဆံခြင်း ဖြစ်သည်။ ဤသို့ဖြင့် မိမိ၏မျိုးရိုး၊ ဥစ္စာဓနသို့မဟုတ် အခြားအရာတို့ဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူတစ်ဦးအပေါ် မောက်မာစွာဝါကြွားခြင်း၊ ကြီးကျယ်မှုကို ထုတ်ဖော်ကြွေးကြော်ခြင်း မပြုရန်၊ ထို့အပြင်မည်သူတစ်ဦးတစ်ယောက်မျှအခြားသူတစ်ဦးအပေါ်မတရားမှုကျူးလွန်ခြင်းမပြုရန်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5497


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee